ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်
Yangon Protestant Reformed Church
တနင်္ဂနွေစာစောင်၊ နံပတ် (၉၁)

နေ့စွဲ – ၂၂. ၁. ၂၀၁၂

## သန့်ရှင်းသူများအကြောင်း(Saints)

ကျွန်တော်တို့ သန့်ရှင်းသူတို့၏ဖွဲ့ရှိခြင်းဩဝါဒကို ဆွေးနွေးခဲ့ကြပြီးဖြစ်သည်။ ဤအကြောင်းကို အဆုံးမသတ်ခင် "သန့်ရှင်းသူ"(သူတော်စင်)ဆိုသောစကားလုံးအကြောင်း ပြောဖို့လိုအပ်လာပါသည်။ ထိုစကားလုံးကဆိုလိုသည်မှာ "သန့်ရှင်းသောလူများ"ဟု ဖြစ်ပါသည်။ သန့်ရှင်းရာသို့ရောက်စေပြီးသား ဘုရားသခင့်လူများကိုရည်ညွှန်းပါသည်။

ထိုသန့်ရှင်းသူ (သို့) သူတော်စင်ဆိုသည်စကားလုံးကို သေချာစွာနားလည်ဖို့ အတော်အရေးကြီးသည်။ တချို့ကထင်နေကြသလို သန့်ရှင်းသူ သူတော်စင်ဆိုသည်မှာ မိမိတို့ကိုယ်ကို သန့်ရှင်းစေဖို့ ကျင့်ကြံအားထုတ်ကြသူများ၊ မိမိတို့ကိုယ်ကို ဝိညာဉ်ရေးရာ၌ သန့်စင်ရန်ပြုကြသူများဟု နားလည်ခဲ့လျှင်၊ ဖွဲ့ရှိစွာအသက်ရှင်ဖို့ အာမခံချက်ရှိတော့မည်မဟုတ်ပါ။ အကယ်၍ သန့်ရှင်းသူတို့က မိမိတို့ကိုယ်ကို သန့်ရှင်းသူများဖြစ်စေပါလျှင်၊ သူတို့သည် မိမိတို့ကိုယ်ကို မသန့်ရှင်းအောင် ပြန်လုပ်နိုင်ကြသူများလည်း ဖြစ်ပါမည်။

ထိုသို့သင်ပေးခြင်းသည် "လွတ်လပ်စွာရွေးချယ်နိုင်ခြင်းဝါဒ"(freewillism)ဖြစ်သည်။ ထိုဝါဒက လူသည် မိမိ၏ကိုယ်ပိုင်ရွေးချယ်ခွင့်ကြောင့် ကယ်တင်ခံရသည်၊ ထို့ကြောင့် လူ၏သန့်ရှင်းခြင်းသို့ရောက်ခြင်း၊ ကျေးဇူးတော်ထဲ၌တိုးတက်ခြင်းတို့သည်လည်း သူ့အပေါ်သာတည်သည်ဟု သင်ပါသည်။ လူသည် သန့်ရှင်းလိုပါက၊ မိမိရယူနိုင်သောကျေးဇူးတော်ကို အသုံးပြုဖို့ ရွေးချယ်ရမည်ဟုသင်ပါသည်။ ထိုအချက်သာမှန်လျှင်၊ မည်သူမျှ သန့်ရှင်ကြတော့မည်မဟုတ်ပါ။

ကျွန်တော်တို့ကတော့ သန့်ရှင်းသူများကို ကျေးဇူးတော်ကသာ သန့်ရှင်းသူများဖြစ်လာစေသည်ဟု ယုံကြည်ကြပါသည်။ ကျေးဇူးတော်ကြောင့်သာ သူတို့ထံတွင် သန့်ရှင်းခြင်းဆိုသည့်အရာများ ရှိရခြင်းဖြစ်ပါသည်။ နောက်တမျိုးနှင့်ပြောရလျှင် ကျေးဇူးတော်ကြောင့်သာ သူတို့သည် ခရစ်တော်ယေရှု၌ သန့်ရှင်းသူများ၊ သစ္စာရှိသူများ ဖြစ်လာကြပါသည် (ဖေက် ၁း၁၊ ဖိ ၁း၁၊ ကော ၁း၁၊ ၂)။

သန့်ရှင်းသူတို့၏သန့်ရှင်းခြင်းသည် သူတို့၏လွတ်လပ်သောရွေးချယ်မှု၏ရလဒ်ကြောင့်မဟုတ်ပါ။ ထို့မှဆန့်ကျင်စွာ ဘုရားသခင်က သူတို့ကို အစိုးရတော်မူသောရွေးကောက်ခြင်းဖြင့် ရွေးချယ်တော်မူသောကြောင့်သာဖြစ်ပါသည်။ ထို့ကြောင့် ဖေက် ၁း၄ တွင်"ဤကမ္ဘာမတည်မှီ ငါတို့ကို ခရစ်တော်၌ရွေးကောက်တော်မူသည်နှင့်အညီ၊ ကောင်းကင်ဘုံ၌ဆိုင်သောအရာတို့၌ ခပ်သိမ်းသောမင်္ဂလာ တို့ကို ခရစ်တော်အားဖြင့် ငါတို့အား ပေးသနားတော်မူသော ငါတို့သခင်ယေရှုခရစ်၏ ခမည်းတော်ဘုရားသခင်သည် မင်္ဂလာရှိတော်မူစေသတည်း" ဟု ဖတ်ရခြင်းဖြစ်သည်။ ဘုရားသခင်၏ကျေးဇူးတော်နှင့်ပြည့်ဝသောရွေးကောက်ခြင်းက သူတို့သန့်ရှင်းရခြင်း၏အရင်းအမြစ်ဖြစ်ပါ သည်။

ထို့အပြင် သန့်ရှင်းသူတို့သည် မိမိတို့၏အကျင့်အလုပ်အကိုင်များကြောင့် သန့်ရှင်းကြရခြင်းမဟုတ်ပါ၊ ၄င်းကို ခရစ်တော် ၏အသွေးတော်က သူတို့အတွက် ဝယ်ထားပေးခြင်းဖြစ်ပါသည်။ ၄င်းကို ကော ၁း၂၁–၂၃ တွင် "အထက်က ဘုရားသခင်နှင့် ကင်းကွာလျက်၊ ဆိုးညစ်သောအကျင့်ကိုကျင့်သဖြင့် စိတ်နှလုံး၌ ရန်ဘက်ဖြစ်သော သင်တို့ကို၊ ကိုယ်ခန္ဓာတော်၌ အသေခံတော်မူသောအားဖြင့်၊ ယခုမိဟာယဖွဲ့စေ တော်မူ၏။– အကြောင်းမူကား၊ ကောင်းကင်အောက်၌ရှိသမျှသော ဝေနေယျသတ္တဝါတို့အား ဟောပြောသဖြင့်၊ သင်တို့သည် ကြားရပြီး သော ဧဝံဂေလိတရား၏ မျှော်လင့်ခြင်းမှ မရွေ့မလျော့ဘဲ၊ တိုက်မြဲခြင်း၊ တည်ကြည်ခြင်းရှိသည်နှင့် ခိုင်မြဲစွာယုံကြည်ကြလျှင်၊ သန့်ရှင်းစင်ကြယ်၍ အပြစ်တင်ဖွယ်ရာနှင့် ကင်းလွတ်လျက်ရှိသော သင်တို့ကို ရှေ့တော်၌ ဆက်သွင်းမည်အကြောင်းတည်း"ဟုဖတ်ရပါသည်။ သခင်ခရစ်တော်၏အသွေးတော်သည် သူတို့သန့်ရှင်းရခြင်း၏အခြေခံဖြစ်ပါသည်။

ထို့အပြင် သန့်ရှင်းသူတို့၏သန့်ရှင်းခြင်းသည် သူတို့အပေါ်၌သာ လုံးလုံးလျားလျား တာဝန်ရှိသည်မဟုတ်ပါ။ "ငါ မင်းတို့အတွက် လိုသမျှလုပ်ပေးပြီးပြီ၊ သုံးဖို့မသုံးဖို့ကတော့ မင်းတို့အပေါ်ဘဲ မူတည်တယ်၊ ငါအမိန့်ပေးထားသလို သန့်ရှင်းကြ"ဟု ဘုရားသခင်က ပြောမထားပါ။ သန့်ရှင်းသူတို့(ယုံကြည်သူတို့) အသက်ရှင်ပြုမူခြင်း၌၄င်း၊ စကားပြောဆိုခြင်း၌၄င်း သန့်ရှင်းရခြင်းမှာ ဘုရားသခင့်ဝိညာဉ်တော်က ပြုလုပ်ပေး၍ဖြစ်ပါသည်။ သန့်ရှင်းရာ၌တည်နေရခြင်းသည် "သန့်ရှင်းစေသောဝိညာဉ်တော်"ကြောင့် ဖြစ်ပါသည်(၁ပေ ၁း၂)။ ထို့အတွက်ကြောင့် ကျမ်းစာက ယုံကြည်သူတို့ကို "သန့်ရှင်းသူ(သူတော်စင်)များဟု အခေါ်ခံရသူများ"ဟု မှည့်ခေါ်ရခြင်းဖြစ်သည် (ရောမ ၁း၇၊ ၁ကော၁း၂)။ ဘုရားသခင်၏တန်ခိုးစွမ်းအားပြည့်သောနှုတ်ကပတ်တော်၏ ခေါ်တော်မူခြင်းက သူတို့ကို သန့်ရှင်းခြင်းသို့ ရောက်စေပါသည်။

ဝိညာဉ်တော်က သန့်ရှင်းသူများဖြစ်လာဖို့လုပ်ကိုင်ပေးခြင်းကို စတင်ပြုလုပ်ပေးကာ၊ အဆုံးသတ်အထိ ဖွဲ့ရှိစွာနေထိုင်ခြင်းကိုမူ ထိုသူတို့၏သဘောဖြစ်သည်ဟု ထားမပစ်ခဲ့ပါ။ သူတို့၏ သန့်ရှင်းခြင်းထဲ၌ဆက်လက်အသက်ရှင်ကြခြင်းသည် သန့်ရှင်းသောဝိညာဉ်တော်၏ သူတို့နှင့်အတူဆက်လက်နေထိုင်မှုနှင့် ဝိညာဉ်တော်၏တန်ခိုးအပေါ် လုံးလုံးလျားလျား တည်မှီနေပါသည်။ ကျွန်တော်တို့ သန့်ရှင်းသူ(သူတော်စင်)များဖြစ်လာဖို့ မိမိတို့၏ကိုယ်ပိုင်ကြိုးပမ်းမှုဖြင့် သင်ယူကြခြင်းမဟုတ်ပါ။ ဘုရားသခင်၏ကျေးဇူးတော်ကသာ ကယ်တင်ခြင်းကို ယူလာပေးပါသည်၊ "ဘုရားမဲ့ တရားမဲ့နေခြင်း၊ လောကီတပ်မက်ခြင်းကို ပယ်ရှောင်လျက်၊ ယခုဘဝ၌ ကိုယ်ကိုစောင့်ခြင်း၊ တရားသဖြင့်ကျင့်ခြင်း၊ ဘုရားဝတ်၌ မွေ့လျော်ခြင်းတို့ကို ပြုနေရမည်အကြောင်း၊ ငါတို့ကို ဆုံးမ

သဟန္တာပါသည်” (တိတု ၂း၁၃)။ သန့်ရှင်း သောဝိညာဉ်တော်၏ကျေးဇူးတော်သည် သန့်ရှင်းစွာနေထိုင်နိုင်ဖို့ တန်ခိုးစွမ်းအားဖြစ်သည်။

သန့်ရှင်းသူများသာ ဘုရားသခင်ကိုတွေ့မြင်ရမည်ဟု ပြောထားခြင်းကို မမေ့ကြပါနှင့်(ဟေဗြဲ ၁၂း၁၄)။ ထို့ကြောင့် သူ့အား ဘုန်းအသရေတွင် မြင်တွေ့နိုင်ဖို့ရာ လိုအပ်ချက်မှန်သမျှကို ဘုရားသခင်က ကျွန်တော်တို့ကို ပေးထားတော်မူသည်ဟု သိရခြင်း သည် မည်မျှအံ့သြစရာကောင်းလှပါသနည်း!

## ဘုန်းတော်ဝင်စားခြင်းအကြောင်း(Glorification)

ကယ်တင်ခြင်းအစီအစဉ်၏ နောက်ဆုံးခြေလှမ်းသည် ဘုန်းတော်ဝင်စားခြင်းဖြစ်သည်။ ဆိုလိုသည်မှာ ဘုရားသခင်၏ ရွေးကောက်ခြင်းခံရသူများအား ကောင်းကင်ဘုံနှင့်ဆိုင်သော ဘုန်းကျက်သရေသို့ လက်ခံတော်မူခြင်းဖြစ်သည်။ ကျွန်တော်တို့ ဘုန်းတော်ဝင်စားသောအခါ၊ အသစ်ပြုပြင်ခြင်းမှစတင်သော ဘုရားသခင်၏ကယ်တင်ခြင်းလုပ်ငန်းသည် ပြီးဆုံးခြင်းရောက်ပါသည်။ ဘုရားသခင်သည် သူ့လူများကို သူတို့၏ဒုက္ခဆင်းရဲခြင်းမျိုးစုံခံရခြင်း၊ သေခြင်း တို့မှသာ ကယ်တင်သည်မဟုတ်ပါ၊ သူတို့ကို သူတို့အပြစ်များအားလုံးမှလွဲ ကယ်တင်နှုတ်ယူတော်မူပါသည်။

ထို့ကြောင့် ဘုန်းတော်သို့ဝင်စားခြင်းကြောင်းသည် တကယ်တမ်းဆိုလျှင် နောက်ဆုံးသောအကြောင်းအရာများဩဝါဒတွင် ပါဝင်ပါသည်။ ကျွန်တော်တို့၏ဘုန်းတော်ဝင်စားရခြင်းအချိန်တွင်သာ ဘုရားသခင်ကြီးမြတ်လှသောကယ်တင်ခြင်းအလုပ် ပြီးဆုံးပါသည်။ ထိုအခါ ကျွန်တော်တို့၏ကယ်တင်ရှင် ယေရှုခရစ်တော်ထံ၌ရှိနေသည့် ဘုရားသခင်၏ဘုန်းကျက်သရေအတွက် ကျွန်တော်တို့သည် ကိုက်ညီသောအခြေအနေသို့ရောက်ကြပါသည်။

ဘုန်းတော်ဝင်စားရခြင်းတွင် အဆင့်သုံးဆင့်ရှိပါသည်။ ပထမအဆင့်၊ အသစ်ပြုပြင်ပြောင်းလဲခြင်းရကြချိန်တွင် ကျွန်တော်တို့ထာဝရအသက်ဆိုသော လက်ဆောင်ကို လက်ခံရရှိကြခြင်းဖြစ်သည်။ ထိုလက်ဆောင်၏ရလဒ်ကြောင့် ကျွန်တော်တို့သည် ခရစ်တော်နှင့်အတူထမြောက်ကြကာ ဘုရားသခင်၏လက်ျာဖက်တွင် ထိုင်ကြပါသည် (ဧဖက် ၂း၅၊ ၆)၊ ထို့ကြောင့် ကျွန်တော်တို့ မြေကြီးပေါ်တွင် ဆက်လက်နေထိုင်ကြသေးသော်လည်း၊ ကျွန်တော်တို့၏အသက်ရှင်ပုံစံသည် ကောင်းကင်ဆန်ပါသည် (ဖိ ၃း၂၀)။ ကျွန်တော်တို့ထံတွင် ခရစ်တော်၏အသက်ရှင်ခြင်းအသစ် ရှိနေပြီဖြစ်သည် (ဂလာ ၂း၂၀)။

ဒုတိယအဆင့်၊ သေပြီးသည်နှင့် ကျွန်တော်တို့၏ဝိညာဉ်များက ထာဝရအသက်လက်ဆောင်ကို လက်ခံကြကာ၊ ချက်ခြင်း ကောင်းကင်ဘုံ၏ကောင်းချီးမင်္ဂလာနှင့်ဘုန်းကျက်ကသရေသို့ ဝင်ရောက်ခံစားပါသည်(၂ကော ၅း၁–၈)။

တတိယအဆင့်၊ ကျွန်တော်တို့၏ကိုယ်ခန္ဓာများ သေခြင်းမှထမြောက်ကြချိန်တွင်၊ ခရစ်တော်၏ဘုန်းကျက်သရေနှင့်ပြည့်ဝသောကိုယ်ခန္ဓာကဲ့သို့ပြောင်းသွားကာ ထာဝရအသက်ဆိုသောလက်ဆောင်ကို ရရှိကြလျှက်၊ ကောင်းကင်သစ်မြေကြီးသစ်သို့ ဝင်ရောက်ကြရပါမည် (ဖိ ၃း၂၁)။

ထို့ကြောင့် ကျွန်တော်တို့သည် နောက်ဆုံးသောအချိန်တွင်ရကြလိမ့်မည်ဖြစ်သော ထာဝရဘုန်းကျက်သရေ၏အစပျိုးကို ယခုအချိန်တွင် စတင်ခံစားနေကြရပြီဖြစ်သည်ဆိုသည့် အမှန်တရားကို အထူးပြုနားလည်ကြရပါမည်။ ထိုအမှန်တရားကြောင့် ကျွန်တော်တို့သည် ဘုရားသခင်၏အမိန့်တော်များကို ကောင်းမွန်စွာ နာခံအသက်ရှင်ကြခြင်းဖြစ်ပါသည်။ ကျွန်တော်တို့သည် ကောင်းကင်ဘုံသို့တစိတ်တပိုင်းရောက်နေကြသောသူများကဲ့သို့ဖြစ်ကြပါသည်။ ၎င်းကို ပေါလုက ကောလောသဲ ၃း၁–၄တွင်ပြောပြပါသည်။ ကျွန်တော်တို့သည် ခရစ်တော်နှင့်အတူ ထမြောက်ကြပြီးဖြစ်လျှက် ကျွန်တော်တို့၏အသက်တာများသည် ဘုရားသခင်၌ ဝှက်ထားလျှက်ရှိပါသည်။ ထို့ကြောင့် ကျွန်တော်တို့သည် အထက်အရာများကိုသာ ရှာဖွေကြမည်၊ မိမိတို့၏တွယ်တာမှုများကို အထက်အရာများသို့ထားရှိရပါမည်။

ကျွန်တော်တို့သည် ယခုအချိန်၌ပင် ထာဝရအသက်ကို ရရှိကြပြီးဖြစ်သဖြင့် တခါတခါ ကောင်းကင်ဘုံကို အတော်တမ်းတကြခြင်းဖြစ်သည်၊ ဤကမ္ဘာလောကနှင့်အသွေးအသားမှ ကယ်လွှတ်ခံရခြင်းကို တောင့်တနေကြရခြင်းဖြစ်သည်။ ထိုသို့ဖြစ်ခြင်းသည် ဤကမ္ဘာ ပေါ်တွင်နေထိုင်ရခြင်းထက် အပုံကြီးကောင်းမွန်သည်ဟုပေါလုကပြောပါသည် (ဖိ ၁း၂၁–၂၄)။

ကျွန်တော်တို့ရကြသော ကောင်းကင်ဘုံနှင့်ဆိုင်သည့်ဘုန်းကျက်သရေကို ကျမ်းစာက တောက်ပသောစကားလုံးများနှင့် ဖေါ်ပြလေ့ရှိပါသည်။ တခါတရံ ရုပ်ပုံကားချပ်များ၊ ပုံဆောင်ချက်များဖြင့် ဖေါ်ပြတတ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ထိုအရာများကို လူသား၏မျက်လုံးများက မမြင်ဘူး၍ဖြစ်ပါသည်။ ကြားလည်း မကြားဖူး၍ဖြစ်ပါသည်။ သဘောပေါက်နားလည်နိုင်ဖို့ စိတ်နှလုံးထဲလည်း မဝင်ဘူးသေးသောကြောင့်ဖြစ်ပါသည် (၁ကော ၂း၉)။ ထိုအရာများသည် ဘုရားသခင်ကို ချစ်သောသူများအဖို့ ဘုရားသခင်ကိုယ်တိုင်က ပြင်ဆင်ပေးထားသောအရာများဖြစ်ကြပါသည်။

ကျွန်တော်တို့ကိုယ်တိုင် အံ့သြစရာကောင်းအောင်ပြောင်းလဲကြချိန်၊ အပြစ်နှင့်အပြစ်၏နောက်ဆက်တွဲများမှ လွပ်မြောက်ကြချိန်၊ ဘုရားသခင်ကတိတော်ပေးထားသည်များအားလုံးကို ရရှိကြချိန်ဖြစ်ပါမည်။ ကောင်းကင်ဘုံး၏တကယ့်ဘုန်းကျက်သရေသည် ဘုရားသခင်နှင့်ခရစ်တော် ထိုနေရာတွင်ရှိနေခြင်းဖြစ်ပါသည်။ ၎င်းသည် ကောင်းကင်ဘုံ၌အသက်ရှင်ရခြင်း၏ ကောင်းချီးမင်္ဂလာ၊ ဝမ်းမြောက်ရခြင်း၊ ဘုန်းကျက်သရေနှင့် ငြိမ်းချမ်းခြင်းဖြစ်ပါသည် (ဗျာ ၂၁း၃၊ ၇၊ ၂၂၊ ၂၃၊ ဗျာ ၂၂း၃)။ ထို့အတွက် ဘုန်းတော်ဝင်စားရခြင်း၏အစပျိုးကို ရရှိကြသူများ မိမိတို့ကိုယ်ကို စင်ကြယ်စေကြခြင်းဖြစ်သည်။ တကမ္ဘာလုံးဆုံးရှုံးကြလျှင်လည်း စိတ်မပျက်ကြပါ။ တကယ်တမ်းတွင်လည်း ကောင်းကင်နိုင်ငံတော်အတွက် အားလုံးကို စွန့်ပစ်တတ်ကြပါသည်။ သူတို့သည် ထိုဘုန်းကျက်ရေကိုစောင့်နေကြစဉ် အမြင်ဖြင့် အသက်မရှင်၊ ယုံခြင်းဖြစ်အသက်ရှင်ကြပါသည်။

## အပိုင်ကြီး (၅) – အသင်းတော်နှင့်ပွဲတော်မင်္ဂလာများ(The Church and the Sacraments)

### အသင်းတော်အကြောင်း(The Church)

ကျမ်းစာက အသင်းတော်အကြောင်းကို မကြာခဏပြောပြသောကြောင့်၊ အသင်းတော်အကြောင်းကို သီသြလောဂျီတွင် သီးသန့်ကဏ္ဍတရပ်ခွဲ၍ စနစ်တကျလေ့လာရခြင်းဖြစ်သည်။ အချို့သောဓမ္မသစ်ကျမ်းစာအုပ်များက အသင်းတော်အကြောင်းကိုသာ အဓိကထားလေ့ရှိကြသည်။ တမန်တော်ဝတ္ထုက ဓမ္မသစ်အသင်းတော်များ၏စုစည်းခြင်းအကြောင်းကိုပြောပြသည်၊ ကောရိန်သုသြဝါဒစာပထမဆောင်က ဘုရားသခင်သည် မိမိအသင်းတော်ကို သစ္စာရှိတော်မူသည်ဆိုသည့်အကြောင်း ပြောပြသည်(၁း၉)၊ ဖေက်သြဝါဒက အသင်းတော်သည် ခရစ်တော်၏ခန္ဓာဖြစ်သည်ဆိုသည့်အတိကအချက်မှနေ၍ အသင်းတော်အကြောင်းပြောပြသည် (၁း၂၂၊ ၂၃၊ ၅း၃၀-၃၂)၊ ကောလောသဲသြဝါဒစာက ခရစ်တော်သည် အသင်းတော်၏ဦးခေါင်းဖြစ်သည်ဆိုသော ခန်းနားလှသည့်အမှန်တရားအကြောင်းပြောပြသည် (၁း၁၈၊ ၂း၁၀)၊ တိမောသေသြဝါဒစာ ပထမဆောင်က အသင်းတော်ထဲတွင် တင့်တယ်စွာ မည်သို့ပြုမှုရမည့်အကြောင်း ပြောပြသည် (၃း၁၅)၊ တိတုသြဝါဒစာက အသင်းတော်သည် စနစ်တကျရှိခြင်းကိုအဓိကထားရမည့်အကြောင်း ပြောပြပါသည် (၁း၅)။

ထို့ကြောင့် အသင်းတော်အကြောင်းကို လစ်လျူရှုခြင်း၊ အရေးမကြီးဟုယူဆခြင်းတို့ကို မလုပ်သင့်ပါ။ သို့သော် ယနေ့ခေတ်တွင် အသင်းတော်နှင့်ပတ်သက်၍ကျမ်းစာက မည်သို့သင်ပေးကြောင်း သိသူ အလွန်နည်းနေပါသည်။ ထို့အတူ အသင်းတော်၏အရေးကြီးမှုကို ကျမ်းစာက အလွန်းနည်းလာပါသည်။

ကျမ်းစာရေးရာတွင်သုံးသော ဂရိဘာသာစကားက အသင်းတော်ဆိုသည့်စကားလုံးကို “ခေါ်ထားသူများ”ဟု ပြောပါသည်။ ထို့ကြောင့် အသင်းတော်ဆိုသည့်စကားလုံးကို အမြင့်ဆုံး၊ အကောင်းဆုံးအဓိပ္ပါယ်ဖြင့်ပြောရလျှင် ကယ်တင်ခြင်းရသူများကိုသာ ရည်ညွှန်းသည်ဟု နားလည်ရပါသည်။ ထိုစကားလုံးက မည်သူတို့သည် အသင်းသူ/သားများဖြစ်ကြသည်ကို သတိရစေပါသည်။ “အမှောင်ထုထဲမှနေ၍ အံ့သြဖွယ်ရာအလင်းတော်သို့ ခေါ်ထားခြင်းခံရသူများ”ဖြစ်ကြပါသည် (၁ပေ ၂း၉)။ ထို့ကြောင့် သူတို့ အသင်းတော်တွင်နေရာရကြရခြင်းသည် ကျေးဇူးတော်သက်သက်ကြောင့်ဖြစ်ပါသည်ဆိုသည်ကိုလည်း သတိပြုမိစေပါသည်။ သူတို့၏ ရွေးချယ်မှုကြောင့်၊ လုပ်ကိုင်မှုကြောင့် အသင်းသူ/သားများ ဖြစ်လာကြသည်မဟုတ်၊ ဘုရားသခင်၏ခေါ်တော်မူခြင်းကြောင့်သာ ဖြစ်ပါသည်။

အသင်းတော်၏အသင်းသူ/သားများကို ခေါ်တော်မူထားသည်ဟုဆိုခြင်းသည်၊ ၎င်းတို့ကို အပြစ်မှကယ်တင်ထားခြင်း (အမှောင်ထုမှခေါ်ထုတ်ခြင်း)ကိုသာ ရည်ညွှန်းသည်မဟုတ်ပါ၊ ၎င်းတို့၏ ကမ္ဘာကြီးနှင့်ကမ္ဘာကြီး၏ဒုစရိုက်ဆိုးညစ်ခြင်းများမှ သီးသန့်ခွဲထားခြင်းကိုလည်း ရည်ညွှန်းပါသည် (၂ကော ၆း၁၄-၁၈)။ ထို့ကြောင့် အသင်းတော် ဆိုသည့်အမည်က အသင်းသူ/သားများ၏ နာခံခြင်း၊ သန့်ရှင်းခြင်းတို့ကို ရှင်းပြစရာမလိုသဘောပေါက်နေစေပါသည်။ အသင်းသူ/သားများဟု ပြောနေလျှက် မသန့်ရှင်းသူများသည် အသင်းတော်ဆိုသည့်အမည်နှင့်မထိုက်တန်ပါ။

သန့်ရှင်းခြင်းသည် အသင်းတော်၏တကယ့်ဖြစ်တည်မှုအတွက် မရှိမဖြစ်လိုအပ်ပါသည်။ သန့်ရှင်းခြင်းသို့ အသင်းသူ/သားများကို ခေါ်ထားခြင်းဖြစ်ပါသည်၊ ရွေးကောက်ခြင်းဖြစ်ပါသည် (ဖေက် ၁း၄)၊ ကယ်တင်ခံရဖို့ ခေါ်ထားခြင်းဖြစ်ပါသည် (ကော ၁း၂၁၊ ၂၂)။ အသင်းတော်၏သန့်ရှင်းခြင်းသည် အလွန်အရေးကြီးပါသည်၊ အဘယ့်ကြောင့်ဆိုသော် ၎င်းသည် အသင်းတော်ထဲ၌ဘုရားသခင်ထားရှိသောရည်ရွယ်ချက်နှင့်ဆိုင်၍ဖြစ်ပါသည်။ အသင်းတော်ဖြစ်တည်နေရခြင်း၏အကြောင်းအရင်းမှာ ဘုရားသခင်၏ဘုန်းတော်အတွက်ဖြစ်သည် (ဖေက် ၁း၆၊ ၁၂)။ အသင်းတော်၏သန့်ရှင်းခြင်း၊ အသင်းသူ/သားများ၏သန့်ရှင်းခြင်းဖြင့် ထိုရည်ရွယ်ချက် အကောင်အထည်ပေါ်ပါသည်။ မသန့်ရှင်းသောအသင်းတော်၊ မသန့်ရှင်းသောအသင်းသူ/သားများနှင့်ပြည့်နေသောအသင်းတော်က ဘုရားသခင့်ဘုန်းတော်ကို မထင်ရှားစေပါ၊ မထင်ရှားစေနိုင်ပါ။ အထူးသဖြင့် အသင်းတော်၏သန့်ရှင်းခြင်းမှနေ၍ ဘုရားသခင်၏ဘုန်းတော်သည် ထွန်းလင်းတောက်ပနေပါသည်။

ယနေ့ခေတ်အသင်းတော်၏အသင်းသူ/သားများ “ခေါ်ထားခြင်း”ခံရသူများအနေနှင့်အသက်မရှင်ကြတော့ခြင်းသည် အသင်းတော်အတွက် ရှက်စရာဖြစ်ပါသည်၊ နစ်နာရမှုဖြစ်ပါသည်။ အကယ်၍အသင်းတော်သည် မိမိ၏သင်ကြားပေးမှု၌၎င်း၊ အသင်းသူ/သားများ၏နေထိုင်ပုံ၌၎င်း လက်တွေ့ပြုမူမှု၌၎င်း ကမ္ဘာကြီးနှင့် ဘာမှမခြားနားတော့လျှင် အသင်းတော်၏သက်သေခံခြင်းသည် မည်သို့မျှ သက်ရောက်မှုရှိတော့မည်မဟုတ်ပါ။ အသင်းတော်၏ဂုဏ်ကျက်သရေ၊ လမ်းပျောက်နေသောကမ္ဘာကြီးသို့ အသင်းတော် ၏သက်သေခံခြင်း၏ဂုဏ်ကျက်သရေသည် “ခေါ်ထားခြင်းခံရသူများ”ဆိုသည့်အမှန်တရားအပေါ်၊ သီးသန့်ဖြစ်ခြင်း၊ သန့်ရှင်းခြင်းအ ပေါ် တည်မှီနေပါသည်။ သို့မှသာ ကမ္ဘာကြီးနှင့်ခြားနားသည်ဟု မြင်နိုင်ပါမည်။

ထို့ကြောင့် ခရစ်တော်၏အသင်းတော်၏ အသင်းသူ/သားများအားလုံး ဘုရားသခင့်ရှေ့တော်မှောက်တွင် သန့်ရှင်းသူများ၊ အပြစ်တင်မခံထိုက်သူများဖြစ်နိုင်ကြရန် ဆုတောင်းကြရပါမည် (ဖေက် ၁း၄၊ ၆)။ ထိုနည်းလမ်းဖြင့်သာ အသင်းတော်၏လုပ်ဆောင်ခြင်းများ၊ သက်သေခံခြင်းများသည် တိုးပွားမည်ဖြစ်ပါသည်။

(Doctrine According to Godliness, Rev. Ronald Hanko၏စာအုပ်မှ ဘာသာပြန်ပါသည်)

++++++++++++++++++++++++++++++++++++++

## ကာဗွန် – ၁၄

ကျွန်တော်တို့က ကမ္ဘာကြီးရဲ့သက်တမ်းဟာ နုနုကလေးရှိပါတယ်။ ဖန်ဆင်းစကနေ ဒီနေ့ထိ ဆိုရင် နှစ်ပေါင်း ၇၀၀၀ လောက်ဘဲရှိပါသေးတယ်လို့ပြောရင် လူတွေက ကာဗွန် – ၁၄ စမ်းသပ်ချက်ကို ဘယ်မှသွားထားမလဲလို့ ပြောကြပါတယ်။ သူတို့က ပြောတယ် ကမ္ဘာကြီးဟာ အရမ်းအိုပြီတဲ့၊ နှစ်သန်းပေါင်းမြောက်မြားစွာရှိပြီတဲ့။ ခင်ဗျားတို့ ဘယ်လိုသိသလဲလို့မေးရင် ကာဗွန် – ၁၄ စမ်းသပ်ချက်အရလို့ပြောကြတယ်။ ဒီတော့ အဲဒီ ကာဗွန် – ၁၄ ဆိုတာ ဘာလဲ ဆိုတာကို ပြောပြဖို့လိုလာပါပြီ။

အဲဒီစမ်းသပ်ချက်ကို ၁၉၅၀ ဝန်းကျင်မှာစတင်အသုံးပြုကြတယ်။ စတွေ့တဲ့ သိပ္ပံပညာရှင်တောင် နိုဗယ်လ်ဆုရပါတယ်။ သက်ရှိအရာတွေထဲမှာ ဓါတ်တွေအများကြီးရှိတယ်။ ဒီအထဲမှာ ကာဗွန်ဓါတ်မျိုးစုံပါတယ်။ အဲဒီထဲက တမျိုးကို ကာဗွန် – ၁၄ လို့အမည်ပေးပါတယ်။ အဲဒီဓါတ်ဟာ သေတဲ့အခါမှာ ထက်မတိုးတော့ဘဲ၊ ပြန်လျော့လာပါတယ်။ အဲဒီလျော့တဲ့နှုန်းထားကို တိုင်းပြီး၊ သက်တမ်းဘယ်လောက်ရှိမယ်ဆိုတဲ့နည်းပညာကို ကာဗွန်–၁၄ စမ်းသပ်ချက်လို့ပြောတာဖြစ်တယ်။

အစကထဲက ခန့်မှန်းသက်တမ်းလို့ သိပ္ပံပညာရှင်တွေက ပြောခဲ့ပါတယ်။ ဘာလို့လဲဆိုတော့ အတော်မသေချာတဲ့ကိစ္စဖြစ်လို့ပါ။ အခုလောလောဆယ် သေသွားတဲ့သက်ရှိတွေရဲ့အရိုးတွေကို စမ်းသပ်ရင်တောင် အဖြေအမျိုးမျိုးထွက်နေတတ်ပါတယ်။ ဒါပေမဲ့ ကိုယ်စမ်းသပ်နေတဲ့အရိုးရဲ့သက်တမ်းက သိနေတာဆိုတော့ ဘယ်အဖြေမှန်မလဲဆိုတာ ရွေးနိုင်တာပေါ့။ ဒါပေမဲ့ ဘယ်တုန်းက သေခဲ့ပြီးတဲ့ သက်ရှိရဲ့အရိုးကို စမ်းသပ်ပြီဆိုရင် သိပ္ပံပညာရှင်ဟာ ဘယ်အဖြေမှန်မလဲဆိုတာ ကိုယ့်ဘာသာ ရွေးရပါတော့တယ်။ အဲဒီမှာ ပြဿနာတက်ပါပြီ၊ အဖြေကအမျိုးမျိုးဖြစ်နေတော့ ကိုယ်ခံယူထားတဲ့အယူအဆပေါ်အခြေခံပြီး ရွေးရတာကိုး။ တကယ့်နှစ်မှ မဟုတ်တော့တာ။ ဒီအခါမှာ ပညာရှင်ဟာ ဆင့်ကဲဖြစ်ပေါ်မှုသီအိုရီကို လက်ခံထားသူဆိုရင် နှစ်အကြာကြီးလို့ ရွေးတော့တာဘဲ။ ဒါမှ သူ့ခံယူချက်နဲ့ကိုက်မှာကိုး။ တာကို စာတွေအများကြီးရေးပြီး၊ ထပ်ခါတလဲလဲ ဖတ်ခိုင်းတော့ လူတိုင်းက အဟုတ်ကြီး လို့ထင်လာကြတော့တာပါဘဲ။

ပြီးတော့ ကာဗွန်–၁၄ဆိုတဲ့ဓါတ်ဟာ သက်ရှိသေပြီးရင် အကြာကြီးမရှိနိုင်ဘူး။ အလွန်ဆုံး နှစ်ငါးသောင်းလောက်ဘဲရှိနိုင်တယ်လို့ ယူဆကြပါတယ်။ ဒါ့ကြောင့် ကာဗွန်–၁၄ စမ်းသပ်ချက်အရ ကမ္ဘာကြီးဟာ နှစ်သန်းပေါင်းအမြောက်အများကြာပြီလို့ ပြောတာဟာ၊ အတော်လေးကို မဖြစ်နိုင်တဲ့ကိစ္စဖြစ်တယ်။ ဒါပေမဲ့ သူတို့ရဲ့ ဆင့်ကဲဖြစ်ပေါ်မှုအိုင်ဒီယာအရ အဲဒီလိုပြောမှဖြစ်မယ်လေ။

ပြီးတော့ ရေမလွှမ်းမိုးခင်က အသက်ရှိတွေရဲ့ ကာဗွန်ပါဝင်နှုန်း၊ သေပြီး လျော့ကျနှုန်းတွေဟာ ဒီနေ့ခေတ်နဲ့ တူချင်မှတူနိုင်ပါတော့မယ်။ ပြီးတော့ ကာဗွန်ဓါတ်ဟာ ပတ်ဝန်းကျင်ရဲ့ပြုပြင်မှုကို အလျှင်အမြန်ခံရလေ့ရှိတယ်။ ဒါ့ကြောင့် ကာဗွန်ဆုတ်ယုတ်မှုနှုန်းဟာ ပတ်ဝန်းကျင်အခြေအနေနဲ့လဲ အများကြီးဆိုင်တာမို့ ဒါဟာဒါဘဲလို့ အခိုင်အမာပြောလို့မရပါ။

ဒါ့ကြောင့် ကျွန်တော်တို့ ခရစ်ယာန်တွေအတွက်ကတော့၊ ကျမ်းစာမှာ ဘုရားသခင်ပြောပြတာဟာ အခိုင်မာဆုံး အမှန်တရားဖြစ်တယ်။ သိပ္ပံပညာဟာ အားကိုးလို့မဖြစ်ဘူး၊ အသုံးချဖို့သာဖြစ်တယ်။ ဘာလို့လဲဆိုတော့ သိပ္ပံပညာရဲ့လမ်းကြောင်းဟာ၊ စသပ်လိုက်မှားလိုက် ပြန်ပြင်လိုက်နဲ့ ဘယ်တော့မှ ဆုံးတယ်မရှိပါဘူး။ ဒါပေမဲ့ သိပ္ပံပညာက ထုတ်လုပ်တဲ့ပစ္စည်းတွေကတော့ ခရစ် ယာန်တွေသုံးဖို့ ဘုရားသခင်က ထုတ်လုပ်ပေးလိုက်တာဖြစ်ပါတယ်။ သုံးပါ။ ကျေးဇူးတော်ချီးမွမ်းလျှက် သုံးပါ။ ဘယ်လိုလဲဆိုတော့ ဘုရားသခင်က ဖန်ဆင်းကထဲက လူက နောက်ပိုင်းမှရှာတွေ့မဲ့ အသုံးဝင်တဲ့အရာအမြောက်အများကို ပေးထားပြီးသာဖြစ်တယ်။ လူက အပြစ်သားဖြစ်သါွးတော့ ဘုရားကို မုန်းပြီး ဆက်လက်ရှာဖွေပါတယ်။ ဘုရားကို အသိအမှတ်မပြုဘဲ ဆက်လုပ်ကိုင်ပါတယ်။ တာကို ဘုရားသခင်က သူ့ရဲ့ထာဝရတန်ခိုးတော်နဲ့ကိုင်တွယ်ထိန်းချုပ်ပြီး ကောင်းမွန်တဲ့အသုံးပြုစရာတွေကို တွေ့အောင် လမ်းပြ တယ်။ အဲဒီလိုနဲ့ ကောင်းမွန်တဲ့ပစ္စည်းတွေအများကြီးထွက်လာတယ်။ ဒါ့ကြောင့် ခရစ်ယာန်ဟာ အသုံးပြုရမှာဖြစ်တယ်။

ကျမ်းစာက ကမ္ဘာကြီးဟာ ငယ်ငယ်လေးလို့ပြောပါတယ်။ မယုံကြည်သူတွေက အသက်ကြီးပြီလို့ပြောပါတယ်။ ဒါ့ကြောင့် ခရစ်ယာန်ကတော့ ကျမ်းစာပြောတာကို လွယ်လွယ်ကလေးရွေးချယ်ပါတယ်။ ဘာလို့လဲဆိုတော့ မယုံကြည်သူတွေက ဖန်ဆင်းချိန်မှာ သွားကြည့်တာမှမဟုတ်တာ။ တောင်ပြောမြောက်ပြောပြောယုံနဲ့ အမှန်တရားမဟုတ်ပါဘူး။ ဘုရားသခင်က သူဖန်ဆင်းတာ ဘယ်လို၊ ဘယ်အချိန်မှာဆိုတာ အသေအချာပြောပြထားတာဘဲ။

-------------------------------------------------

၂ကော ၆း၁–၁၈ (ဂျိန်းဘုရင်မူ)
၁ – သူနှင့်အတူ လုပ်ဆောင်ကြသောသူများအဖြစ်နှင့် ငါတို့သည် သင်တို့ကို တိုက်တွန်းကြသည်မှာ သင်တို့သည် ဘုရားသခင်၏ ကျေးဇူးတော်ကို အချည်းမဲ့လက်မခံကြပါနှင့်ဟူ၍ဖြစ်ပါသည်။
၂ – အဘယ့်ကြောင့်ဆိုသော် “ငါသည် သင့်ကို လက်ခံထိုက်သောအချိန်တွင် နားထောင်ပြီ၊ ကယ်တင်ခြင်း၏နေ့ရက်တွင် ငါ သင့်ကို ကူညီစောင်မသည်၊ ကြည့်ပါ၊ ယခုအချိန်သည် လက်ခံထိုက်သောအချိန်ဖြစ်သည်၊ ကြည့်ပါ ယခုအချိန်သည် ကယ်တင်ခြင်း၏နေ့ဖြစ်ပါသည်”ဟု သူက ပြောပါသည်။
၃ – မည်သည့်ကိစ္စအတွက်မှ မျက်စိစပါးမွှေးစူးစရာ မလုပ်ပါနှင့်၊ ထိုသို့ဖြင့် အမှုတော်ဆောင်ခြင်းသည် အပြစ်တင်မခံရဘဲရှိပါမည်၊

၄ – သို့သော် အရာအားလုံးတွင် ဘုရားသခင်၏အမှုတော်ဆောင်များအဖြစ် မိမိတို့ကိုယ်ကို ပြသကြပါသည်၊ အလွန်သည်းခံခြင်း၌၎င်း၊ ဒုက္ခဝေဒနာများ၌၎င်း၊ လိုအပ်ခြင်းများ၌၎င်း၊ စိတ်ဖိစီးစရာများ၌၎င်း၊
၅ – ကြိမ်ဒဏ်ခံရခြင်းများ၌၎င်း၊ ထောင်ကျခြင်းများ၌၎င်း၊ ဝရုန်းသုံးကားဖြစ်ခြင်း၌၎င်း၊ ပင်ပန်းစွာလုပ်ကိုင်ရခြင်းများ၌၎င်း၊ မိအိပ်ဘဲစောင့်နေရခြင်းများ၌၎င်း၊ အငတ်ခံခြင်းများ၌၎င်း၊
၆ – စင်ကြယ်ခြင်းဖြင့်၎င်း၊ အသိပညာဖြင့်၎င်း၊ စိတ်ရှည်ခြင်းနှင့်၎င်း၊ ကြင်နာခြင်းဖြင့်၎င်း၊ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်၎င်း၊ ဟန်မလုပ်သောချစ်ခြင်းဖြင့်၎င်း၊
၇ – အမှန်တရားနှုတ်ကပတ်တော်ဖြင့်၎င်း၊ ဘုရားသခင်၏တန်ခိုးတော်ဖြင့်၎င်း၊ ညာဖက်နှင့် ဘယ်ဖက်တို့၌ရှိ ဖြောင့်မတ်ခြင်း၏လက်နက်များဖြင့်၎င်း၊
၈ – ဂုဏ်အသရေရှိခြင်းနှင့်မရှိခြင်းဖြင့်၎င်း၊ နာမည်ကောင်းရခြင်း နာမည်ဆိုးရခြင်းဖြင့်၎င်း၊ လူညာများကဲ့သို့ဖြစ်သော်လည်း မှန်နေကြလျှက်၎င်း၊
၉ – မည်သူမျှမသိသကဲ့သို့ဖြစ်သော်လည်း ကျော်ကြားသူဖြစ်လျှက်၊ သေတော့မည်သူကဲ့သို့ဖြစ်သော်လည်း ကြည့်ပါ ငါတို့အသက်ရှင်ကြပါသည်၊ ဆုံးမခံကြရသောသူများကဲ့သို့ဖြစ်သော်လည်း အသတ်တော့မခံကြရပါ၊
၁၀ – ဝမ်းနည်းသူများကဲ့သို့ဖြစ်သော်လည်း၊ အမြဲဝမ်းမြောက်ကြလျှက်၎င်း၊ ဆင်းရဲသကဲ့သို့ဖြစ်သော်လည်း လူအများကို ချမ်းသာစေကြလျှက်၊ ဘာမှမရှိသလိုနှင့် သို့သော် အားလုံးကိုပိုင်ဆိုင်ကြလျှက် ရှိနေကြပါသည်။
၁၁ – အိုး ကောရင်မြို့သားတို့၊ ငါတို့၏ပါးစပ်များသည် သင်တို့ထံ ဟထားကြပါပြီ၊ ငါတို့နှလုံးသားများလည်း ကျယ်စွာဖွင့်ထားကြပြီဖြစ်သည်။
၁၂ – သင်တို့သည် ငါတို့အားဖြင့် ကန့်သတ်ခြင်းမခံကြရပါ၊ သို့သော် သင်တို့သည် မိမိတို့၏မေတ္တာဂရုဏာဖြင့်သာ ကန့်သတ်ခြင်းကို ခံကြရပါသည်။
၁၃ – ယခုတွင် (ငါသည် မိမိသားသမီးတို့ထံပြောသကဲ့သို့ပြောပါမည်)၊ သင်တို့သည်လည်း တူညီစွာပြန်လည်ကျေးဇူးဆပ်ဖို့ရာ မိမိတို့နှလုံးသားများကို ကျယ်စွာဖွင့်ထားကြပါ။
၁၄ – သင်တို့သည် မယုံကြည်သူတို့နှင့်အတူ မတူညီသောထမ်းပိုးကို မထမ်းကြနှင့်၊ အဘယ့်ကြောင့်ဆိုသော် ဖြောင့်မတ်ခြင်းသည် မဖြောင့်မတ်ခြင်းနှင့်အတူ မည်သည့်မိတ်သဟာယကို ဖွဲ့နိုင်မည်နည်း?
၁၅ – ထို့အပြင် ခရစ်တော်သည် ဗာလနတ်နှင့်မည်သို့ သင့်မြတ်နိုင်မည်နည်း? (သို့) ယုံကြည်သောသူသည် မယုံကြည်သူနှင့် မည်သည့်ဝေစုကို ရနိုင်မည်နည်း?
၁၆ – ထို့အပြင် ဘုရားသခင်၏ဗိမ္မာန်တော်နှင့် ရုပ်တုများကြား မည်သည့်သဘောတူညီမှုကိုပြုနိုင်မည်နည်း? ဘုရားသခင်က “ငါသူတို့ထဲတွင် နေမည်၊ သူတို့ကြားတွင် သွားလာမည်၊ ငါသည် သူတို့ဘုရားဖြစ်မည်၊ သူတို့သည် ငါ့လူများဖြစ်ကြမည်”ဟု ပြောတော်မူပါသည်။
၁၇ – ထို့ကြောင့် သူတို့ကြားထဲမှ ထွက်လာခဲ့ကြပါ၊ ထို့နောက် သင်တို့ သီးသန့်နေကြပါ၊ “မသန့်ရှင်းသောအရာကို မတို့နှင့်၊ ငါသင့်ကို လက်ခံမည်”ဟု သခင်ဘုရားကပြောပါသည်၊
၁၈ – “ထို့အပြင် ငါသည် သင်တို့ထံတွင် ဖခင်ဖြစ်မည်၊ သင်တို့သည် ငါ့သားများ သမီးများဖြစ်ကြမည်”ဟု အနန္တတန်ခိုးတော်ရှင်ဘုရားသခင်က ပြောတော်မူပါသည်။

=======================================

**ဆုတောင်းခြင်း**

**သခင်ဘုရား၏နေ့ (၄၆)**

**၁၂၀။ သခင်ခရစ်တော်က အဘယ်ကြောင့်ဘုရားသခင်ကို *“ကျွန်ုပ်တို့၏အဘ”*ဟုခေါ်ခိုင်းသနည်း?**
ကျွန်ုပ်တို့ဆုတောင်းခြင်းစသည်နှင့်တပြိုင်နက် ဘုရားသခင့်ထံ ကလေးငယ်တယောက်၏ ရိုသေလေးစားမှုမျိုး၊ စိတ်ချယုံကြည်မှုမျိုး ကျွန်ုပ်တို့အထဲ၌ဖြစ်ပွားစေလျှက် စိတ်တက်ကြွစေမည်အကြောင်းဖြစ်သည်။ ထိုအချက်သည် ဆုတောင်းခြင်း၏အခြေခံအုတ်မြစ်ဖြစ်သည်။ အမည်အားဖြင့် ဖေါ်ပြရလျှင်၊ ဘုရားသခင်သည် သခင်ခရစ်တော်၌ ကျွန်ုပ်တို့၏ဘခင်ဖြစ်လာပြီး၊ ကျွန်ုပ်တို့၏မိဘများထံ၌ ဤလောကနှင့်ဆိုင်သောအရာတို့ကိုတောင်းပါက မငြင်းပယ်ကြသကဲ့သို့၊ သူ့ထံ၌ စစ်မှန်သောယုံကြည်ခြင်းဖြင့် တောင်းလျှောက်သောအခါ ငြင်းပယ်မည်မဟုတ်ပါ။
(မဿဲ ၆း၉၊ ၇–၁၁၊ လု ၁၁း၁၁၊ ဟေ ၄၉း၁၅)

**၁၂၁။ *“ကောင်းကင်ဘုံ၌ရှိတော်မူသော”*ဆိုသည်ကို အဘယ်ကြောင့်ဤနေရာ၌ ထပ်မံထည့်သွင်းထားပါသနည်း?**
ဘုရားသခင်၏ ကောင်းကင်နှင့်ဆိုင်သောကြီးမြတ်တော်မူခြင်းကို ကျွန်ုပ်တို့ကမြေကြီးနှင့်ဆိုင်သော စိတ်ကူးကြံစည်မည်ဆိုး၍ဖြစ်သည်။ ထို့အပြင် ကျွန်ုပ်တို့သည်ခန္ဓာနှင့် ဝိညာဉ်အတွက်လိုအပ်သမျှကို ဘုရားသခင်၏အနန္တတန်ခိုးမှနေ၍ ရရှိမည်ဟုမျှော်လင့်ရန်

ဖြစ်သည်။
(ယေ ၂၃း၂၄၊ တမန် ၁၇း၂၄၊ ရော ၁၀း၁၂)